ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၁၊ အမှတ် ၇

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

## အကောက်ခွန်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် မီးသတ်ဆေးဘူး ( ၁ ) မျိုး၊ Generator 150 KVA (၁) မျိုး၊ ရုံးသုံးစက်ပစ္စည်း (၄) မျိုး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း (၈) မျိုး၊ ရုံးသုံးပရိဘောဂ ပစ္စည်း ( ၇ ) မျိုးစုစုပေါင်းလုပ်ငန်း (၅)ခုနှင့် စပ်လျဉ်း၍ တင်ဒါအခမ်းအနား ကျင်းပခြင်း။




**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်ရုံးချုပ်ရှိ ဌာနခွဲ (၁၂) ခုနှင့် မြို့နယ်ရုံး များတွင် အသုံးပြုရန်အတွက် မီးသတ် ဆေးဘူး (၁) မျိုး၊ Generator 150 KVA (၁) မျိုး၊ ရုံးသုံးစက်ပစ္စည်း (၄) မျိုး၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း (၈) မျိုး၊ ရုံးသုံးပရိဘောဂပစ္စည်း ( ၇ ) မျိုး၊ စုစုပေါင်းလုပ်ငန်း (၅) ခုနှင့် ပတ်သက်သည့် တင်ဒါ အခမ်းအနားအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းမှ အဖွင့်အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်ရုံးချုပ်ရှိ ဌာနခွဲ ( ၁၂ ) ခုနှင့် မြို့နယ်ရုံးများတွင် အသုံးပြုရန်အတွက် မီးသတ် ဆေးဘူး ( ၁ ) မျိုး၊ Generator 150 KVA (၁) မျိုး၊ ရုံးသုံးစက်ပစ္စည်း (၄) မျိုး၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း (၈) မျိုး၊ ရုံးသုံးပရိဘောဂပစ္စည်း ( ၇ ) မျိုး၊ စုစုပေါင်းလုပ်ငန်း(၅)ခုနှင့် ပတ်သက်ပြီး တင်ဒါအခမ်းအနားအား ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာန၊ ရန်ကုန်(ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ၂၅-၁၀-၂၀၂၅ ရက်နေ့တွင်ပြုလုပ်ခဲ့ရာ တင်ဒါ ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ဦးဆောင်သော တင်ဒါ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။



**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်ရုံးချုပ်ရှိ ဌာနခွဲ (၁၂)ခုနှင့် မြို့နယ်ရုံးများတွင် အသုံးပြုရန်အတွက် မီးသတ် ဆေးဘူး (၁)မျိုး၊ Generator 150 KVA (၁) မျိုး၊ ရုံးသုံးစက်ပစ္စည်း (၄) မျိုး၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း (၈) မျိုး၊ ရုံးသုံးပရိဘောဂပစ္စည်း ( ၇ ) မျိုး၊ စုစုပေါင်းလုပ်ငန်း (၅) ခုနှင့် ပတ်သက်သည့် တင်ဒါ အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ရှင်းလင်းပြောကြားစဉ်။**

အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ၂၀၂၅- ၂၀၂၆ဘဏ္ဍာရေးနှစ်တွင် အကောက်ခွန်ဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည့် လုပ်ငန်း(၅)ခုအား တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးတွင် “တင်ဒါကော်မတီ” ဥက္ကဋ္ဌမှ သက်ဆိုင်ရာလုပ်ငန်းများအလိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီနှစ်ဖက်သဘောတူစာချုပ်များ အမြန်ဆုံးချုပ်ဆိုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် နှစ်ဖက်သဘောတူစာချုပ်တွင် ဖော်ပြထားသော လုပ်ငန်းတာဝန်များအား စည်းမျဉ်းစည်းကမ်းများ အတိုင်းတိတိကျကျ လိုက်နာဆောင်ရွက်သွားရန်နှင့် သတ်မှတ်ထားသောအချိန်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး အစည်းအဝေးအား ည ၁၀:၃၀ နာရီတွင်ရုတ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators – AEO) အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကျင်းပစဉ်။






**အကောက်ခွန်ဦးစီးဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators – AEO) အသိအမှတ်ပြု လက်မှတ်ချီးမြှင့်ခြင်းအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းမှ အဖွင့်အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators - AEO) အသိအမှတ်ပြု လက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို ၁၄-၁၀-၂၀၂၅ ရက်နေ့ ၊ နံနက် (၀၉း၀၀) နာရီ အချိန်တွင် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ နှင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးအေးထွန်း တို့မှအဖွင့်အမှာစကားအသီးသီးပြောကြားခဲ့ပါသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က Shwe Wah Yaung Agriculture Production Co., Ltd နှင့် Proven Technology Industry Co., Ltd တို့ကို AEO (Level-2) အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Wilmar Myanmar Riceland Limited၊ Wilmar Myanmar Edible Oils Limited နှင့် UPG Paint & Coating Co., Ltd တို့အား AEO (Level-1) အသိအမှတ်ပြု လက်မှတ်ချီးမြှင့်ခဲ့ပါသည်။

အခမ်းအနားတွင် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှတာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များ စုစုပေါင်း (၁၅၂) ဦး တက်ရောက်ခဲ့ကြပါသည်။

# ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးဆောင်ကျင်းပသည့် ပွင့်လင်းရာသီအတွက် ပို့ကုန် ကုန်ပစ္စည်းများတင်ပို့နိုင်ရန် ပေ(၂၀) ကုန်သေတ္တာများ လုံလောက်မှုရှိစေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ။




**အကောက်ခွန်ဦးစီးဌာန ၊ ပွင့်လင်းရာသီအတွက် ပို့ကုန် ကုန်ပစ္စည်းများတင်ပို့နိုင်ရန် ပေ(၂၀) ကုန်သေတ္တာများလုံလောက်မှုရှိစေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်ထွန်း မှ အဖွင့်အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးဆောင်ကျင်းပသည့် ပွင့်လင်းရာသီအတွက် ပို့ကုန် ကုန်ပစ္စည်းများတင်ပို့နိုင်ရန် ပေ (၂၀) ကုန်သေတ္တာများ လုံလောက်မှုရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၅-၁၀-၂၀၂၅ ရက်နေ့ ၁၃:၀၀ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်ထွန်းမှ ဦးဆောင်ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးနှင့် အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့် အခွန်ကြီးကြပ်ရေး)၊ ညွှန်ကြားရေးမှူး (ထုတ်/သွင်း)၊ ညွှန်ကြားရေးမှူး (ကာကွယ်ရေး)၊ ညွှန်ကြားရေးမှူး (နယ်) နှင့် တာဝန်ရှိသူများက In-Person တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် လာမည့်ပွင့်လင်းရာသီအတွက် ပို့ကုန် ကုန်ပစ္စည်းများတင်ပို့နိုင်ရေး ပေ (၂၀) ကုန်သေတ္တာများလုံလောက်မှုရှိစေရန်နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ သင်္ဘောလိုင်းများ၊ BOT ဆိပ်ကမ်းများမှ လိုအပ်သည်များ ကြိုတင်ညှိနှိုင်း ဆောင်ရွက်သွားရန်၊ ကဏ္ဍအလိုက်မှ ကြိုတင်ပြင်ဆင်မှု အကြံပြုချက်၊ လိုအပ်ချက်၊ တောင်းဆိုချက်များအား လုပ်ငန်းကော်မတီ အတွင်းရေးမှူးထံသို့ စာဖြင့်ပေးပို့တင်ပြသွားရန်နှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် အဟန့်အတားလိုအပ်ချက်များ မရှိစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ (၄၇) ကြိမ်မြောက် မဟာဘုံကထိန်နှင့် သက်ကြီးဝန်ထမ်းဟောင်း ပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပ။




အကောက်ခွန်ဦးစီးဌာန၏ (၄၇) ကြိမ်မြောက်မဟာဘုံကထိန်နှင့် သက်ကြီးဝန်ထမ်းဟောင်းပူဇော်ကန်တော့ပွဲအခမ်းအနားအား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်ကျင်းပစဉ်။

အကောက်ခွန်ဦးစီးဌာန၏ (၄၇) ကြိမ်မြောက် မဟာဘုံကထိန်နှင့် သက်ကြီးဝန်ထမ်းဟောင်းပူဇော်ကန်တော့ပွဲ အခမ်းအနားအား ၁၈-၁၀-၂၀၂၅ ရက်နေ့ ၊ နံနက် (၀၉:၃၀) အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားအား အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် ဇနီးများ ၊ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များနှင့် သက်ကြီးဝန်ထမ်းဟောင်းများ စုစုပေါင်းလူဦးရေ (၂၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထုတွေ့ဆုံဆွေးနွေးပွဲ (ဒါဘာ) အခမ်းအနားကျင်းပ။






**အကောက်ခွန်ဦးစီးဌာန၊ ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံ ဆွေးနွေးပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အမှာစကား ပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန ၊ ဇေယျာသီဟခန်းမတွင် ၂၄-၁၀-၂၀၂၅ ရက်နေ့ နံနက်(၀၉:၀၀) နာရီအချိန်၌ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထု လစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲအား လူဦးရေ (၂၀၀) ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့အပြင် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွားရေးဇုန်များ၊ OSS စစ်ဆေးရေးစခန်းများနှင့် အမြဲတမ်း စစ်ဆေးရေးစခန်းများရှိ ဝန်ထမ်းများလည်း Zoom Meeting ဖြင့် တက်ရောက်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားအား ညွှန်ကြားရေးမှူး (စီမံ) မှ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ သိကောင်းစရာများအား ရှင်းလင်းပြောကြားခဲ့ပြီး ဌာနခွဲတစ်ခုချင်းအလိုက် ဆွေးနွေးတင်ပြချက်များတင်ပြခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပဌမအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုအား အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ။



**အကောက်ခွန်ဦးစီးဌာန ၊ ပဌမအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုအား အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင်မှ အဖွင့်အမှာစကားပြောကြားစဉ်**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပဌမအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုအား အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ၁၇-၁၀-၂၀၂၅ ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် ၊ အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမ၌ Virtual ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များ၊ ကုန်သွယ်မှုအသိုက်အဝန်းရှိဌာနဆိုင်ရာများ (၁၃) ခုနှင့် ပုဂ္ဂလိကကဏ္ဍ (၈) ခုမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ စစ်တမ်းကောက်ယူရာတွင် အသုံးပြုမည့်မေးခွန်းလွှာ (Questionnaire) များ အပေါ်ညှိနှိုင်းဆွေးနွေးနိုင်ရန်ဖြစ်ပါသည်။

အစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးတက်ထွန်းအောင်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီးလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုဝေနှင်းကကြာမြင့်ချိန် လျှော့ချရေးလေ့လာဆန်းစစ်မှုဆိုင်ရာလုပ်ငန်းစဉ်များ၊ လေဆိပ်ကုန်လှောင်ရုံ၌ စစ်တမ်းကောက်ယူမည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇူလိုင်မို့မို့အောင်က အေးရှားဝေါလ်ဆိပ်ကမ်း၌ စစ်တမ်းကောက်ယူမည့်မေးခွန်းများနှင့်စပ်လျဉ်း၍ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသောကိုယ်စားလှယ်များမှ မိမိတို့၏လုပ်ငန်းစဉ်များကို တင်ပြခြင်း၊ မေးခွန်းများအပေါ် အကြံပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် အထွေထွေကုန်ပစ္စည်းများ လေလံတင် ထုခွဲရောင်းချခြင်း အခမ်းအနား ကျင်းပ။




**အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၌ ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် အထွေထွေကုန်ပစ္စည်းများအား လေလံတင် ထုခွဲရောင်းချစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၌ ၂၉-၁၀-၂၀၂၅ ရက်နေ့ နံနက်(၁၀:၀၀) အချိန်တွင် ကျင်းပပြုလုပ်ခဲ့သော အကောက်ခွန်ဦးစီးဌာနက ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် အမှုတွဲ(၂၉)မှုပါ Electronic ပစ္စည်းများ၊ စက်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများအား Lot - (၄) ခုအား ညွှန်ကြားရေးမှူး(ထောက်/ပို့) ဦးဆောင်၍ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များရှေ့မှောက်၌ အများပြည်သူသို့ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းအားပြုလုပ်ခဲ့ပါသည်။ အဆိုပါ ကျင်းပပြုလုပ်သည့်လေလံပွဲသို့ အာမခံစပေါ်ငွေပေးသွင်း ထားသူ (၁၂၉) ဦးအနက် (၁၁၄) ဦး တက်ရောက်ခဲ့ပြီး နံနက် (၁၀:၀၀)အချိန်တွင် လေလံတင်ရောင်းချရေး ဥက္ကဋ္ဌမှ အမှာစကားပြောကြားခြင်း၊ အတွင်းရေးမှူးမှ လေလံစည်းကမ်းချက်များကို ဖတ်ကြားရှင်းလင်းခြင်းများပြုလုပ်၍ လေလံတင်ရောင်းချခြင်းအား စတင်ခဲ့ပါသည်။ လေလံပွဲ၌ လေလံတင်ရောင်းချခဲ့သည့် ပစ္စည်းအတွဲ Lot တွဲ (၄) ခု သည် ကြမ်းခင်းဈေးပြည့်မီကျော်လွန်၍ လေလံအောင်မြင်ခဲ့ပြီး နေ့လည် (၁၁:၄၅) နာရီ အချိန်တွင် လေလံတင် အခမ်းအနား ပြီးဆုံးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ လွတ်လပ်သောကုန်သွယ်မှုနယ်မြေ (Free Trade Area-FTA) ဆိုင်ရာသင်တန်းပို့ချခြင်း။





**အကောက်ခွန်ဦးစီးဌာန ၊ နိုင်ငံတကာရေးရာဌာနခွဲမှ လွတ်လပ်သောကုန်သွယ်မှုနယ်မြေ (Free Trade Area-FTA) ဆိုင်ရာသင်တန်းပို့ချစဉ်**

အကောက်ခွန်ဦးစီးဌာန ၊ နိုင်ငံတကာရေးရာဌာနခွဲမှ သင်တန်းကျောင်းခန်းမတွင် ၈-၁၀-၂၀၂၅ ရက်နေ့၌ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစု(HS Section) မှ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဆိုင်ရာသင်တန်းအား နံနက် (၁၈:၀၀) နာရီမှ (၁၉:၃၀) နာရီအထိ အကောက်ခွန် သင်တန်းကျောင်း၌ သင်တန်းပို့ချခဲ့ရာ အကောက်ခွန် ဦးစီးဌာန၏ ဌာနခွဲ (၁၂) ခုမှ သင်တန်းသား (၆၀) ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသော လွတ်လပ်သော ကုန်သွယ်မှုနယ်မြေများနှင့်စာချုပ်များ၊ FTA သမိုင်းကြောင်း များ၊ ကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများအားဆွေးနွေးပို့ချခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇,၂၂၁.၀၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ (၁) ရက် မှ (၃၁) ရက် အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု (၃၆၆) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် (၃၇,၂၂၁.၀၀၇ ) သန်း ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု










၂၉-၉-၂၀၂၅ ရက်နေ့ (၁၈:၀၀) နာရီအချိန်တွင် Myanmar National Airlines လေယာဉ် ခရီးစဉ်အမှတ် UB-812/SF-9138 ဖြင့်တရုတ်နိုင်ငံ ၊ မန်စီးမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော ခရီးသည်၏ Baggage များအား Airside ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit–B အကောက်ခွန်ကောင်တာ၌ ပိုင်ရှင်၏ရှေ့မှောက်တွင် အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး (700 g/ 0.7 kg) (1U)၊ အပါအဝင် စုစုပေါင်းကျောက်တုံး (၇)မျိုး၊ စုစုပေါင်းအလေးချိန် (2061.8 g/ 2.0618 kg) ခန့်မှန်းတန်ဖိုး ကျပ် (၁၀၀,၀၀၀,၀၀၀/-) (ကျပ် တစ်ထောင်သိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၄-ကကက (လဆ)/၂၀၂၅ (၁၆၀) (၂၉-၉-၂၀၂၅) ဖြင့်အမှုတွဲဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇,၂၂၁.၀၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၂၁-၉-၂၀၂၅ ရက်နေ့တွင် မြိတ်မြို့မှ ရန်ကုန်မြို့ သာကေတ ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ် သော MV. တော်ဝင်နန်း ရေယာဉ်အား အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့် စီမံရေးရာ) ဦးဆောင်သောအဖွဲ့ဖြင့် ၂၂-၉-၂၀၂၅ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ရာ ကုန်ပါစာရင်းချုပ် (Manifest) တွင် ဖော်ပြထားခြင်းမရှိသော PVC Resin (Powder), Brand Siamvic, (1bag × 25kg), (4000Bag), 100000 Kg, C/O – Thailand အပါအဝင် ကုန်ပစ္စည်း (၂)မျိုး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆၆၁,၉၂၀,၀၀၀/-) (ကျပ် ခြောက်ထောင်ခြောက်ရာတစ်ဆယ်ကိုးသိန်း နှစ်သောင်း တိတိ) ခန့်အား အမှုတွဲ အမှတ်၊ ၁၁-ရက/ ၂၀၂၅ (၀၄၀-ဈ) (၂၃-၁၀-၂၀၂၅) ဖြင့် အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇,၂၂၁.၀၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု









၉-၁၀-၂၀၂၅ ရက်နေ့ ၀၆:၀၀ အချိန်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့သည် တာဝန်ထမ်းဆောင်နေစဉ် လွှစာမှုန့်များဖြင့်ဖုံးအုပ်သယ်ဆောင်လာသော စာရွက် စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသော ဆေးလိပ် Mond Super Slim (1x10x50), C/O- UAE, Assorted Flavours - 100U ခန့်မှန်းတန်ဖိုး ကျပ် (၂၅၀,၀၀၀,၀၀၀/-) (ကျပ် နှစ်ထောင့်ငါးရာသိန်း တိတိ) ခန့်အား အမှုတွဲအမှတ်၊ ဘခ-ပခ(ညခရ)/၂၀၂၅(၀၈၄) (၁၀-၁၀-၂၀၂၅) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇,၂၂၁.၀၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု



၁၄-၉-၂၀၂၅ ရက်နေ့တွင် ကော့သောင်းမြို့မှရန်ကုန်မြို့ သာကေတဆိပ်ကမ်းတွင် ဝင်ရောက်ဆိုက်ကပ်လာသော MV. ထာဝရလုံ့လ ရေယာဉ်အား အကောက်ခွန်ဦးစီးဌာန ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအထူးအဖွဲ့မှ ၁၅-၉-၂၀၂၅ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ရာ ကုန်ပါစာရင်းချုပ် (Manifest) တွင်ဖော်ပြထားခြင်းမရှိသော Plastic Roll(1x86.5 Kg)- 1708 Rolls,(1x110 Kg) 330 Rolls, 2038 Rolls, 184042 Kg, C/O – China ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၄၉၈,၅၆၉,၇၇၈/-) (ကျပ် လေးထောင်ကိုးရာရှစ်ဆယ်ငါးသိန်းခြောက်သောင်းကိုးထောင်ခုနစ်ရာခုနစ်ဆယ်ရှစ် တိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-ရက/၂၀၂၅ (၀၃၉-ခ) (၁၀-၁၀-၂၀၂၅) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇,၂၂၁.၀၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု




၁၄-၉-၂၀၂၅ ရက်နေ့တွင် ကော့သောင်းမြို့မှ ရန်ကုန်မြို့ သာကေတဆိပ်ကမ်းတွင် ဝင်ရောက် ဆိုက်ကပ်လာသော MV.ထာဝရလွှံ့လ ရေယာဉ်အား အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အထူးအဖွဲ့မှ ၁၅-၉-၂၀၂၅ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ရာ ကုန်ပါစာရင်းချုပ် (Manifest) တွင်ဖော်ပြထားခြင်းမရှိသော PVC Resin (Polyvinyl Chloride Resin), (25KG/Bag), 2151 Bag, 53775 Kg, C/O - USA အပါအဝင်ကုန်ပစ္စည်း (၇) မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၁,၂၅၄,၃၃၀,၄၂၈/-) (ကျပ် တစ်သောင်းနှစ်ထောင်ငါးရာလေးဆယ်သုံးသိန်းသုံးသောင်းလေးရာ နှစ်ဆယ့်ရှစ် တိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-ရက/၂၀၂၅ (၀၃၉) (၁၀-၁၀-၂၀၂၅) ဖြင့် အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇,၂၂၁.၀၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု



၁၈-၁၀-၂၀၂၅ ၁၀း၀၀ အချိန်တွင် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေး တံတား၌ တာဝန်ကျပူးပေါင်းအဖွဲ့မှ တာဝန်ထမ်းဆောင်နေစဉ် တံတား(၁) စစ်ဆေးရေးဧရိယာ အတွင်းသို့ ဝင်ရောက်ရန်အတွက် တပ်စစ်ဆေးရေးဂိတ်ရှေ့၊ ဘုရင့်နောင်လမ်းနှင့် ယုဇနလမ်း ထောင့်တွင် ယာဉ်မောင်းမပါရှိဘဲ အချိန်ကြာမြင့်စွာရပ်တန့်ထားသော မော်တော်ယာဉ်အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ပူးပေါင်းအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ကျောက်မျက်ရတနာအရိုင်း ဟုယူဆရသော ကျောက်ခွဲသား အကြီး/အသေး (အရွယ်စုံ) ရောရာအတုံး (၄၀)ခု 84 KG အပါအဝင်စုစုပေါင်းကျောက်မျက်(၇)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၃,၉၀၀,၀၀၀/-) (ကျပ် တစ်ရာသုံးဆယ့်ကိုးသိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မဝ/၂၀၂၅(၁၇) (၁၈-၁၀-၂၀၂၅) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။